မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 29 Humark Post Office Bangkok 10243 Thailand Tel : (66) (02) 391 0759 Fax : (66) (02) 382 2153 E-mail : blcsan@ksc.th.com

# BLC Press Release on "Constitutional Consultation No (7)" (Sep 25, 2004)

## ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၇) သတင်းထုတ်ပြန်ချက်

စက်တင်ဘာလ (၂၅ ) ရက်၊ ၂၀၀၄ ခုနှစ်

မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ကမကထပြုလျှက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၇)ကို ထိုင်းမြန်မာနယ်စပ်တနေရာတွင် စက်တင်ဘာလ (၂၅) ရက်နေ့ကကျင်းပခဲ့ပြီး အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

| | | |
|---|---|---|
| မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး | (ABSDF) မှ | (၂) ဦး |
| ကရင်အမျိုးသားအစည်းရုံး | (KNU) မှ | (၄) ဦး |
| မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားလူငယ် ကွန်ကရက် | (SYCB) မှ | (၂) ဦး |
| ရခိုင်ကျောင်းသားလူငယ်ကွန်ကရက် | (AASYC) မှ | (၃) ဦး |
| သတင်းမီဒီယာ စောင့်ကြည့်လေ့လာရေး အဖွဲ့ | (BMW) မှ | (၆) ဦး |
| မြန်မာနိုင်ငံရှေ့ နေများကောင်စီ | (BLC) မှ | (၁၁) ဦး |
| အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကွန်ကရက် | (NDC) မှ | (၁၀) ဦး |
| အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လွတ်မြောက်နယ်မြေ | (NLD-LA) မှ | (၅) ဦး |
| စုစုပေါင်း | | (၄၃) ဦး |

သဘာပတိအဖြစ် ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှုး ဖဒိုမန်းရှာ မှ ဆောင်ရွက်ခဲ့သည်။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကွန်ကရက်မှ ကိုနော်ခမ်းက မြန်မာနိုင်ငံရှိ ကချင်ပြည်နယ် သစ်တောပြုန်းတီးမှုအခြေခံကို ဆွေးနွေးရာ ကချင်ပြည်နယ်ဒေသတွင်ရှိသော လူထုများသည် နှစ်ပေါင်းများစွာ သစ်တောများကို အမှီပြု၍ နေထိုင်လာခဲ့ကြကြောင်း။ ၊နအဖစစ်အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)တို့ အပစ်အခတ်ရပ်စဲပြီးနောက် ကချင်ပြည်နယ်အတွင်းရှိ သဘာဝပတ်ဝန်းကျင်ပြုန်းတီးမှုနှုန်းပိုမိုများပြားလာကြောင်း၊ သဘာဝဝန်းကျင်နှင့်ပတ်သက်၍ ဥပဒေများပြဋ္ဌာန်းထားမှုရှိသော်လည်း ၎င်းဥပဒေကို မလိုက်နာပဲ လာဘ်စားမှုများနှင့်သာ ကိုယ်ကျိုးစီးပွား အတွက် တရုတ်ကုမ္ပဏီကြီးများကိုဖိတ်ခေါ်ပြီး သစ်တောများကိုအလွန်အမင်းခုတ်လှဲ အသုံးချနေကြကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ပညာပေးမှုများကို ပြည်သူများသာမက နအဖစစ်အစိုးရနှင့် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း ပြုလုပ်သင့်ကြောင်း အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် မည်သို့ထည့်သွင်းပြဋ္ဌာန်းသင့်သည်ကို စဉ်းစားသင့်ကြောင်း ဆွေးနွေးတင်ပြသွားပါသည်။ ဆွေးနွေးပွဲတက်ရောက်သူများမှ မေးမြန်းအကြံပြုဆွေးနွေးရာ – သဘာဝဝန်းကျင်ထိန်းရေးကို ရိုးရာအစဉ်အလာများပေါ်အခြေခံ၍ ထိန်းသိမ်းမှုများရှိကြောင်း၊ **ဥပမာ** – သစ်ပင်တပင်ခုတ်လျှင် သစ်ကိုင်းတကိုင်း

ချန်ထားရမည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အနာဂါတ်ဖွဲ့စည်းပုံတွင် ထပ်တူပြုမှာထားမှာလား၊ ပြည်ထောင်စုကပဲယူထားမှာလား စသည်ဖြင့် မေးမြန်းဆွေးနွေးသွားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦးမှ ဦးမောင်မော်တိတ်က ဖွဲ့စည်းပုံအခြေခံမှ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရေးကြီးပုံကိုဆွေးနွေးရာ အုပ်ချုပ်ရေးကို ဖွဲ့စည်းပုံအခြေခံတွင် အဓိကထည့်သွင်းသင့်ကြောင်း၊ နအဖ၏ဖိနှိပ်မှုမျိုးနောင်တွင်မဖြစ်အောင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကို ဖွဲ့စည်းပုံအခြေခံတွင် ဘယ်လိုရေးဆွဲမလဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အုပ်ချုပ်ရေးဥပဒေတွေကို ဘယ်လိုဆက်စပ်မလဲ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာလုပ်ပိုင်ခွင့်များကို ဘယ်လိုပြဋ္ဌာန်းထားမလဲ၊ ဥပဒေစိုးမိုးရေးအခြေခံမှ အုပ်ချုပ်ရေးကိုစဉ်းစားသင့်ကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။ ဆွေးနွေးပွဲတက်ရောက်သူများမှ ပြန်လည်မေးမြန်းဆွေးနွေးရာ အနာဂါတ်အုပ်ချုပ်ရေးတွင် ဘယ်စနစ်ဖြင့်သွားသင့်ပါသလဲ ဝန်ကြီးချုပ်စနစ်လား (သို့) သမ္မတစနစ်နှင့်လား စသည်ဖြင့်မေးမြန်းသွားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေမှ ဦးတင့်ဆွေက နအဖအတုယောင်အမျိုးသားညီလာခံကို NLD သပိတ်မှောက်တဲ့အကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးရာ နအဖသည် မိမိလိုချင်သောတရားဝင်အစိုးရတရပ်အဖြစ်ရပ်တည်နိုင်ရန် အမျိုးသားညီလာခံကိုကျင်းပနေကြောင်း၊ NLD ကအမျိုးသားညီလာခံကို မတက်ရခြင်းမှာ ၎င်းညီလာခံသည် တရားမျှတမှုမရှိခြင်းကြောင့်ဖြစ်သည်။ တရားမျှတတဲ့နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများကို NLD မှတောင်းဆိုခဲ့သော်လည်း နအဖ စစ်အစိုးရမှ မလိုက်လျောခဲ့ကြောင်း၊ နအဖသည် မူ (၁၀၄) ချက်နှင့် လမ်းပြမြေပုံ ၆–ချက်ဖြင့် အမျိုးသားညီလာခံကို ချည်နှောင်ထားတာ မဖြစ်သင့်ကြောင်းဆွေးနွေးတင်ပြသွားပါသည်။ ဆွေးနွေးပွဲတက်ရောက်သူများမှ ပြန်လည်မေးမြန်းဆွေးနွေးရာ NLD သည် အနာဂတ်ဖွဲ့စည်းပုံပေါ်ပေါက်ရေးအတွက် ဘယ်လိုအစီစဉ်ရှိပါသလဲ၊ ၁၉၉၃ ညီလာခံတက်တဲ့ NLD အနေနှင့် ဘာဆိုးကျိုးကောင်းကျိုးတွေရှိပါသလဲ စသဖြင့်မေးမြန်းဆွေးနွေးခဲ့ပါသည်။

သတင်းနှင့်မီဒီယာစောင့်ကြည့်ရေးအဖွဲ့မှ ကိုသူရိန်က အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရှာဖွေခြင်းအကြောင်းကိုဆွေးနွေးတင်ပြရာ အာဏာရှင်စနစ်အောက်မှ ဒီမိုကရေစီကိုစနစ်ကို အသွင်ကူးပြောင်းရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အဓိကကျကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိရန် နိုင်ငံရေးအရသဘောတူညီချက်ရအောင် ကျိုးစားရမည်ကို လက်ခံရကြောင်း၊ တချိန်တည်းတွင် စစ်မှန်သောအမျိုးသားပြန်လည်သင့်မြတ်ရရှိရန် အတိတ်ကာလလူ့အခွင့်ရေးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသွင်ကူးပြောင်းရေးကာလချောမွေ့စေရန် လူထုအသင်းဖွဲ့များနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း စသည်တို့ကို တောင်အာဖရိက၊ ချီလီ၊ ဂွာတီမာလာစသည့်နိုင်ငံများနှင့် ဥပမာပေးဆွေးနွေးတင်ပြသွားသည်။ ဆွေးနွေးပွဲတက်ရောက်သူများမှ မေးမြန်းရာ အမှန်တရားနှင့် တရားမျှတမှုကိုရှာဖွေရာတွင် တရားစီရင်ရေးပိုင်းအရ အမိန့်ပေးသူနှင့် အပြစ်ကျူးလွန်သူနှစ်ယောက်အနက် မည်သူ့ကိုစီရင်မလဲ စသဖြင့်မေးမြန်းသွားပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီမှ မခင်သီတာထွန်းက ဥပဒေစိုးမိုးရေးအခြေခံမှဆွေးနွေးတင်ပြရာ ဥပဒေဆိုတာ အပြစ်မဲ့သူကိုကာကွယ်ရန် အပြစ်ရှိသူကိုအပြစ်ပေးရန် ဖြစ်ကြောင်း၊ ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီရမှာဖြစ်ကြောင်း၊ ဥပဒေစိုးမိုးမှုရှိရန်အတွက် တရားစီရင်ရေးလွတ်လပ်မှုရှိပြီး အချုပ်အခြာအာဏာသုံးရပ်ကို ခွဲခြားကျင့်သုံးရမှာဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားလိုက်နာသော ပြည်သူများဖြစ်ဖို့ရန်လည်းလိုအပ်ကြောင်း ဆွေးနွေးတင်ပြသွားပါသည်။ ဆွေးနွေးပွဲတက်ရောက်သူများမှ မေးမြန်းဆွေးနွေးရာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဥပဒေချိုးဖောက်ကျူးလွန်သူကို အရေးမယူလျှင် တရားဥပဒေစိုးမိုးရေးကို ထိခိုက်တယ်လို့ပြောနိုင်သလား၊ ဥပဒေစိုးမိုးမှုရှိဖို့အတွက် ဘယ်သူ့မှာတာဝန်ရှိသလဲ စသဖြင့်မေးမြန်းဆွေးနွေးသွားပါသည်။

မြန်မာနိုင်ငံ၏အနာဂါတ် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ပေါ်ပေါက်လာရေး လုပ်ငန်းစဉ်တွင် အခြေခံတိုင်းရင်းသား ပြည်သူများ၏သဘောထားဆန္ဒများကို ထင်ဟပ်နိုင်ရေး၊ ၎င်း တို့ တင်ပြဆွေးနွေးခွင့်၊ အကြံပြုခွင့်များ ရရှိရေး အတွက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ မှ တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ်လျှက် ရှိပါသည်။ စိတ်ဝင်စားသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ သတင်းဌာနများ၊ ခေါင်းဆောင်များ၊ အစိုးရများ အနေဖြင့် ပူးပေါင်းဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်

မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးမှ ဆွေးနွေးမှုအားလုံးအပေါ် ခြုံငုံသုံးသပ်သွားခဲ့ပြီး သဘာပတိ ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာမှ နိဂုံးချုပ်မိန့်ခွန်းပြောကြားကာ ဆွေးနွေးပွဲကို အဆုံးသတ်ခဲ့သည်။

မြန်မာနိုင်ငံ၏အနာဂါတ် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ပေါ်ပေါက်လာရေး လုပ်ငန်းစဉ်တွင် အခြေခံတိုင်းရင်းသား ပြည်သူများ၏သဘောထားဆန္ဒများကို ထင်ဟပ်နိုင်ရေး၊ ၎င်း တို့တင်ပြဆွေးနွေးခွင့်၊ အကြံပြုခွင့်များ ရရှိရေး အတွက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ မှ တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ်လျှက် ရှိပါသည်။ စိတ်ဝင်စားသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ သတင်းဌာနများ၊ ခေါင်းဆောင်များ၊ အစိုးရများ အနေဖြင့် ပူးပေါင်းဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်